## အခွန်အယူခံခုံအဖွဲ့သို့ အကောက်ခွန်အယူခံအမှုများ လျှောက်ထားခြင်း

၁။ အကောက်ခွန်ဦးစီးဌာနမှ အရေးယူဆောင်ရွက်သောအမှုများနှင့် စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၈ တွင် "အကောက်ခွန်အရာရှိ တစ်ဦးဦးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်စုံတစ်ရာသည် ၎င်းအား နစ်နာ သည်ဟု ထင်မြင်ယူဆသူမည်သူမဆို အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ မှ တစ်လ အတွင်း အကောက်ခွန်ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပါမှုခင်းများအတွက် လုပ်ပိုင်ခွင့်အပ်နှင်းထားသော အခွင့်ရအကောက်ခွန်အရာရှိထက် ရာထူးမနိမ့်သည့် အကောက်ခွန်အရာရှိတစ်ဦးဦးထံ အယူခံနိုင်သည်။ လုံလောက်သော အကြောင်းပြချက် တင်ပြနိုင်ပါက အဆိုပါအရာရှိသည် (၃) လ ထက် မပိုသော ကာလအထိ အယူခံရက်ကို တိုးမြှင့်ပေးနိုင်သည်" ဟု လည်းကောင်း၊ ပုဒ်မ ၁၉၁ ပုဒ်မခွဲ ၁ ပုဒ်မခွဲငယ် (ခ) တွင် "မူလအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း အကောက်ခွန်အရာရှိ သို့မဟုတ် အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်ထံသို့ ပြန်လည်သုံးသပ် ရန် လျှောက်ထားတင်သွင်းရမည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၆ တွင် "ခုံအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ် သော အမှုများတွင် အမှုအကြောင်းခြင်းရာ ပြဿနာနှင့် စပ်လျဉ်း၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက် သည် အပြီးအပြတ်ဖြစ်ရမည်" ဟု လည်းကောင်း၊ ပုဒ်မ ၄၁ တွင် "တည်ဆဲဥပဒေတစ်ရပ် ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အခွန်ဆိုင်ရာ အယူခံသည့် ကိစ္စရပ်များကို ဤဥပဒေဖြင့်သာ ဆောင်ရွက်ရမည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။ အခွန်အယူခံခုံအဖွဲ့နည်း ဥပဒေများ နည်းဥပဒေ ၆၂ တွင် "သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက် ချမှတ် သည့်နေ့မှ ရက်ပေါင်း ကိုးဆယ်အတွင်း အခွန်အယူခံခုံအဖွဲ့ထံ လျှောက်ထားနိုင်ပြီး လုံလောက်သော အကြောင်းပြချက် တင်ပြနိုင်ပါက ခုံအဖွဲ့သည် ရက်ပေါင်း တစ်ရာ့နှစ်ဆယ် ထက်မပိုသော ကာလအထိ အယူခံရက်ကို တိုးမြှင့်ပေးနိုင်သည်" ဟု လည်းကောင်း၊ နည်းဥပဒေ ၆၃ တွင် "ပြင်ဆင်မှု လျှောက်ထားခြင်းကို ခုံအဖွဲ့၏ စီရင်ချက်အမိန့်ချ မှတ်သည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ် အတွင်း ခုံအဖွဲ့ထံသို့ လျှောက်ထားရမည်" ဟု လည်းကောင်း၊ နည်းဥပဒေ ၆၄ တွင် "ပြန်လည် သုံးသပ်မှုလျှောက်ထားခြင်းကို ခုံအဖွဲ့ ၏စီရင်ချက်အမိန့်ချသည့်နေ့မှ ရက်ပေါင်း ကိုးဆယ် အတွင်း ခုံအဖွဲ့ထံ လျှောက်ထားရမည်" ဟု လည်းကောင်း၊ နည်းဥပဒေ ၆၅ တွင် "လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ က ခုံအဖွဲ့၏ စီရင်ချက်အမိန့်တွင် ဥပဒေ ကြောင်းအရ ဖြေရှင်းရမည့် ကိစ္စပေါ်ပေါက်သည်ဟု ယူဆပါက ပြည်ထောင်စု တရားလွှတ်တော်

ချုပ်သို့ လွှဲအပ်မှုအဖြစ် လွှဲအပ်ပေးရန် စီရင်ချက် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း ခုံအဖွဲ့ထံလျှောက်ထားရမည်” ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ အခွန်အယူခံခုံအဖွဲ့သို့ အကောက်ခွန်အယူခံအမှုများ လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများ ပြည့်စုံစွာပါရှိရန် လိုအပ်ပါသည်-

(က) ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော အယူခံလျှောက်လွှာ (အခယ-၁) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊

(ခ) အကောက်ခွန်အယူခံမှုအတွက် သက်ဆိုင်ရာ မြို့နယ် အကောက်ခွန်ဦးစီးဌာန သို့မဟုတ် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) မှ ချမှတ်သည့် သိမ်းဆည်းအမိန့် သို့မဟုတ် ဒဏ်ငွေတပ်ရိုက်သည့် အမိန့်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊

(ဂ) အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း (၁) စောင် နှင့် မိတ္တူ (၆) စောင်၊

(ဃ) ကိုယ်တိုင်လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့် လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမကိုယ်စားလှယ်လွှဲစာ (Civil Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊ ကိုယ်စားလှယ်ဖြစ်ပါက တရားလိုမှ တရားဝင် လွှဲအပ်သည့် (Special Power) သို့မဟုတ် (General Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်။

၄။ အခွန်အယူခံခုံအဖွဲ့၏ ချမှတ်သောအမိန့်အပေါ် ပြန်လည်သုံးသပ်မှုနှင့် ပြင်ဆင်မှု လျှောက်ထားလိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာ ပါရှိရန် လိုအပ်ပါသည်-

(က) ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော ပြန်လည်သုံးသပ်မှု၊ ပြင်ဆင်မှု လျှောက်လွှာ (အခယ-၂) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊

(ခ) အခွန်အယူခံခုံအဖွဲ့မှ ချမှတ်သည့် အယူခံစီရင်ချက်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊

(ဂ) အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း (၁) စောင် နှင့် မိတ္တူ (၆) စောင်၊

(ဃ) ကိုယ်တိုင်လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့် လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမကိုယ်စားလှယ်လွှဲစာ (Civil Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊ ကိုယ်စားလှယ်ဖြစ်ပါက တရားလိုမှ တရားဝင် လွှဲအပ်သည့် (Special Power) သို့မဟုတ် (General Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊ မူရင်းတွင် ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်း ကပ်နှိပ်ရပါမည်။

၅။ အခွန်အယူခံခုံအဖွဲ့၏ ချမှတ်သောအမိန့်အပေါ် လွှဲအပ်မှု လျှောက်ထားလိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာပါရှိရန် လိုအပ်ပါသည်-

(က) လွှဲအပ်မှုပုံစံ (အခယ-၂) လျှောက်လွှာ၊

(ခ) အခွန်အယူခံခုံအဖွဲ့မှ ချမှတ်သည့် အယူခံစီရင်ချက်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၁၂) စောင်၊

(ဂ) အမှုအကြောင်းအရာရေးသားရာတွင် လိုအပ်သော အကြောင်းချင်းရာ များ ဖော်ပြချက် လျှောက်လွှာနှင့် အမှုမှပေါ်လွင်သည့် ဥပဒေရေးရာ ပြဿနာ (Question of Law) ဖော်ပြချက်၊

(ဃ) သက်ဆိုင်ရာဌာနက ချမှတ်သည့် စည်းကြပ်အမိန့်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၁၂) စောင်၊ သို့မဟုတ် အခွန်တောင်းခံစာ မူရင်း (၁) စောင်နှင့် မိတ္တူ (၁၂) စောင်၊ သို့မဟုတ် အခွန်အယူခံခုံအဖွဲ့၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၁၂) စောင်။